NSW ပြည်နယ်ပညာရေး ဌာန

## Notice of potential expulsion - unsatisfactory participation in learning for students aged 17 years and over

### Using the telephone interpreter service to contact the school

# အသက် ၁၇ နှစ်နှင့် အထက် ကျောင်းသားများ ကောင်းစွာပညာသင်ယူမှု မရှိခြင်းကြောင့် ကျောင်းထုတ်ခံရနိုင်ကြောင်း အသိပေး အကြောင်းကြားခြင်း

### ကျောင်းသို့ ဆက်သွယ်ရန် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှုကို အသုံးပြုခြင်း

ကျောင်းသားအမည်
Name of student

လေးစားအပ်သည့် မိဘ/အုပ်ထိန်းသူများ

ပူးတွဲဖော်ပြပါစာတွင် NSW ပြည်နယ် ပညာရေးဌာန၏ ကျောင်းသားများလိုက်နာရမည့် အမူအကျင့်ဆိုင်ရာ မူဝါဒနှင့် ကျောင်းတက်ခွင့် ဆိုင်းငံ့ခြင်းနှင့် ကျောင်းထုတ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်ုပ်က သင့်ကလေးအတွက် ထုတ်ပြန်ထားသည့် ကောင်းစွာပညာသင်ယူမှု မရှိခြင်းကြောင့် ကျောင်းထုတ်ခံရနိုင်ကြောင်း အသိပေးအကြောင်းကြားချက်နှင့်ပတ်သက်၍ အသေးစိတ် ဖော်ပြထားပါသည်။

ဤစာသည် ကျောင်းမှ ထုတ်ပယ်ရန် ဆုံးဖြတ်ချက် တစုံတရာ မချမှတ်မီ ယင်းကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးမည့် တရားဝင်အစည်းအဝေးသို့ တက်ရောက်ရန် သင့်အား ဖိတ်ကြားခြင်း ဖြစ်သည်။ ကျောင်းက သင့်ထံ ဆက်သွယ်သည့်အခါ အစည်းအဝေးအတွက် စကားပြန် လိုအပ်ကြောင်း ပြောပြပါက စီစဉ်ပေးမည် ဖြစ်သည်။ ပူးတွဲဖော်ပြပါ စာကို နားလည်ရန် အခက်အခဲရှိပါက ကျွန်ုပ်တို့က ရှင်းပြနိုင်ရန် ကျောင်းသို့ ဆက်သွယ်ပါ။

ကောင်းစွာပညာသင်ယူမှု မရှိခြင်းကြောင့် ကျောင်းထုတ်ခံရနိုင်ကြောင်း အသိပေး အကြောင်းကြားချက်ကို လက်ခံရရှိကြောင်း အကြောင်းပြန်ရန် သင့်အား တိုက်တွန်းပါသည်။ ထိုသို့ အကြောင်းပြန်ကြားနိုင်ရန် သီးခြားပုံစံတစ်ခုကို ပူးတွဲထည့်သွင်းပေးထားပါသည်။ သင့်ကလေး ကျောင်းထုတ်ခံရပါက သင် သိရှိထားရမည့် သတင်းအချက်အလက်များကိုလည်း ပူးတွဲဖော်ပြထားပါသည်။

ကျောင်းသို့ ဆက်သွယ်ရာတွင် စကားပြန် လိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောသော စကားပြန်တစ်ယောက် တောင်းခံပါ။ ဖုန်းလက်ခံဖြေဆိုသူအား သင်ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်ကို ပြောပြပါ။ ၎င်းက သင်စကားပြောဆိုရာတွင် ကူညီရန် ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။

ကျောင်းအုပ်ကြီးအမည်
Name of Principal

ကျောင်းအုပ်ကြီး၏ ဖုန်းနံပါတ်
Principal's phone number



NSW GOVERNMENT

## အသက် ၁၇ နှစ်နှင့် အထက် ကျောင်းသားများ ကောင်းစွာပညာသင်ယူမှု မရှိခြင်းကြောင့် ကျောင်းထုတ်ခံရနိုင်ကြောင်း အသိပေး အကြောင်းကြားချက်နှင့် မိဘ/အုပ်ထိန်းသူများ၏ အကြောင်းပြန်ကြားချက်

## Notice of potential expulsion -unsatisfactory participation in learning for students aged 17 years and over - Parent/carer response

**ဤပုံစံအား အောက်ဖော်ပြပါ အီးမေးလ်လိပ်စာများသို့ ဖြစ်စေ၊ ကျောင်းရုံးအဖွဲ့သို့ ဖြစ်စေ ပြန်လည် ပေးပို့ပါ။**

ကျောင်းသားအမည်
Name of student ________________________

အကြောင်းပြန်စာ ပေးပို့ရမည့် ကျောင်း၏ အီးမေးလ်လိပ်စာ
School email address for return of response ________________________

**မိဘ/အုပ်ထိန်းသူများအနေဖြင့် အောက်ဖော်ပြပါ အသေးစိတ် အချက်အလက်များကို အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်ရမည် ဖြစ်သည်။**

- ☐ ကျွန်ုပ်သည် ကောင်းစွာပညာသင်ယူမှု မရှိခြင်းကြောင့် ကျောင်းထုတ်ခံရနိုင်ကြောင်း အသိပေး အကြောင်းကြားချက်ကို သိရှိပြီး ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏ ကလေးနှင့် ဆွေးနွေးပြီး ဖြစ်ပါသည်။
I have discussed this matter with my child and have noted the notice of potential expulsion for unsatisfactory participation.
- ☐ ဤကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန် ကျွန်ုပ်သည် ကျောင်းနှင့် အမြန်ဆုံး တွေ့ဆုံသွားမည် ဖြစ်သည်။
I will meet with the school as soon as possible to discuss this matter.
- ☐ ဤအချက်ကို ဖြည့်လိုက ဖြည့်သွင်းနိုင်ပြီး မဖြည့်သွင်းဘဲနေလိုက နေနိုင်သည် - ကျွန်ုပ်သည် အစည်းအဝေးသို့ ပံ့ပိုးကူညီသူတစ်ဦးအား ခေါ်ဆောင်လာမည် ဖြစ်သည်။
Optional - I will bring a support person to attend the meeting with me.
- ☐ ဤအချက်ကို ဖြည့်လိုက ဖြည့်သွင်းနိုင်ပြီး မဖြည့်သွင်းဘဲနေလိုက နေနိုင်သည် - အစည်းအဝေးအတွက် စကားပြန် လိုအပ်ပါသည်။
Optional - I will need an interpreter at the meeting.

မိဘ/အုပ်ထိန်းသူ အမည် (ပုံနှိပ်ပါ) ________________________
Name of parent/carer

မိဘ/အုပ်ထိန်းသူ လက်မှတ် ________________ ရက်စွဲ ________
Signature of parent/carer Date

မိဘ/အုပ်ထိန်းသူများအနေဖြင့် ကြိုက်နှစ်သက်ရာ ဆက်သွယ်ရမည့် နည်းလမ်း (ဥပမာ- ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ) အသေးစိတ်ကို ထည့်သွင်းဖော်ပြရမည် ဖြစ်သည်။

ကျွန်ုပ်ထံ ဆက်သွယ်နိုင်သည့် နည်းလမ်းမှာ - ________________________
Parent’s/carer’s preferred contact method

ဆက်သွယ်ရန် အသေးစိတ်
အချက်အလက်များမှာ - ________________________
Parent’s/carer’s contact details